ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ

သတင်းလွှာ( ၁၀ /၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်

အကြောင်းအရာ။ **သတင်းလွှာ (၉/၂၀၂၁)ပါ ထောက်ခံချက်၊ လက်မှတ်ဖြေလျှော့ခွင့်ပြုခြင်းကိစ္စအား ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ ကုန်သွယ်မှုကဏ္ဍတွင် ယာယီဖြေလျှော့ပေးမှုများအား သတ်မှတ်ရက်များမှ စတင်၍ မူလလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် သတင်းလွှာ(၉/၂၀၂၁)ဖြင့် ထုတ်ပြန်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါသတင်းလွှာအပိုဒ်၂(ခ)ပါ "သတင်းလွှာ(၈/၂၀၂၁)ပါ ထောက်ခံချက်၊ လက်မှတ်ဖြေလျှော့ခွင့်ပြုခြင်းအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ FDA ၏ သက်တမ်းရှိသည့် DIAC နှင့် DRC များဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရန်"ဟူသော ဖော်ပြချက်အစား အောက်ပါအတိုင်း ပြင်ဆင်ထုတ်ပြန်ကြောင်း အသိပေးကြေညာလိုက်သည်-

> "သတင်းလွှာ(၈/၂၀၂၁)ပါ ထောက်ခံချက်၊ လက်မှတ်ဖြေလျှော့ခွင့်ပြုခြင်းအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ FDA၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုထုတ်ပေးသည့်အထောက်အထားများဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရန်"

ကုန်သွယ်ရေးဦးစီးဌာန